# ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး
# ဗဟိုဌာနချုပ်
# ကာကွယ်ရေးဌာန၏ထုတ်ပြန်ကြေညာချက်အမှတ် ၁/၂၀၁၄

နေ့စွဲ၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ (၁၄) ရက်

၁။ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့အစည်း (KNDO) သည် ကေအဲန်ယူ - ကရင်အမျိုးသား အစည်းအရုံး၏ နိုင်ငံရေးဦးဆောင်မှုကို အပြည့်အဝခံယူသည့် ကရင်လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းဖြစ်သည်။

၂။ ထို့နည်းတူပင် ကရင်အမျိုးသားလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ ပြန်လည်ပေါင်းစည်းခြင်းသည် ကရင်အမျိုးသားအစည်းအရုံး၏ (၁၅) ကြိမ်မြောက်ကွန်ဂရက်မှ ချမှတ်ထားသည့် မူဝါဒဖြစ်သည်နှင့်အညီ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ်က ဦးစီးဦးဆောင်ပြုနေသော ကရင့်လက်နက်ကိုင်တပ်ဖွဲ့များ စည်းလုံးညီညွတ်ရေးကော်မတီ (Unity Committee for Karen Armed Groups) အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေလျက် ရှိပါသည်။

၃။ (၁၃၊ ၁၀၊ ၂၀၁၄) ရက်စွဲဖြင့်ထုတ်ပြန်သည့် ကရင်အမျိုးသားလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ (KAF) ပြန်လည်ပေါင်းစည်းခြင်းသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးသည့် KNLA ဒု-စစ်ဦးချုပ်နှင့် KNDO ဦးစီးချုပ်တို့သည် ယင်းတို့၏ သဘောထားအမြင်အပေါ်တွင်သာ လုပ်ဆောင်ခြင်းဖြစ်သည်။

၄။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် နိုင်ငံရေးပြဿနာကိုနိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေးပြီး ဆက်လက် ဆွေးနွေးအဖြေရှာသွားမည်ဖြစ်ပါသည်။

14/10/14

(စောရောဂျာခင်)
ကာကွယ်ရေးဌာနတာဝန်ခံ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး